# မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၃၅ ။)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေ** ကိုပြင်ဆင်သည့်ဥပဒေဟု ခေါ် တွင်စေရမည်။

၂။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင်ပါရှိသော "two hundred kyats"ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အသီး သီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(၃) တွင်ပါရှိသော "fifty kyats" ဆိုသည့်စကားရပ်ကို "twenty thousand kyats" ဆိုသည့်စကားရပ်ဖြင့်အစားထိုး ရမည်။

၄။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော -

(က) "one thousand kyats" ဆိုသည့်စကားရပ်ကို "one hundred thousand kyats" ဆို သည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) "to the State" ဆိုသည့်စကားရပ်ကို "to the Republic of the Union of Myanmar" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၅။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၁) တွင်ပါရှိသော "president of the Union" ဆိုသည့်စကားရပ်ကို "relevant Ministry" ဆိုသည့် စကားရပ် ဖြင့်အစားထိုးရမည်။

၆။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော "president of the Union" ဆိုသည့်စကားရပ်ကို "Ministry of Finance"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ(၁)၌ ပါရှိသော "president of the Union"ဆိုသည့်စကားရပ်ကို "Ministry of Commerce may, with the approval of the Union Government"ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၄)၌ပါရှိသော "president of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce with the approval of the Union Government"ဆိုသည့်စကား ရပ်ဖြင့်အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်